# တနင်္သာရီတိုင်းမှ ဆေးဖက်ဝင်ဓနိပင်

ဝါ ဝါ (ခရိုင်တိုင်းရင်းဆေးကုဌာန၊ မြိတ်ခရိုင်)

ဓနိပင်ကိုများသောအားဖြင့် မြန်မာနိုင်ငံအောက်ပိုင်း မိုးများသောဒေသနှင့် မြစ်ဝကျွန်းပေါ်၊ ကမ်းရိုးတန်းဒေသများတွင် သဘာဝပေါက်ပင် အဖြစ်တွေ့ရသည်။ တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာနှင့် ဘုတ်ချောင်းကျေးရွာရှိ ဓနိတောများသို့ စာတမ်းရှင် ကွင်းဆင်းသွားရောက်၍ ဓနိပင်များမှ ဆေးအသုံးဝင်မှု၊ အသုံးပြုနိုင်မှု အဆင့်ဆင့် ၊ ဓနိရည်ချက်ပုံ၊ ဓနိရည်အချိုမှ ဓနိပျား ချက်လုပ်ပုံ၊ ၎င်းပစ္စည်းများမှ ဆေးအသုံးဝင်ပုံ၊ ဓာတ်စာအဖြစ်ပြုလုပ်စားသုံးကြပုံ၊ အရက်အဖြစ် ထုတ်လုပ်ချက်ယူပုံ၊ ဝမ်းလျှော-ဝမ်းပျက် ဝမ်းကိုက်၊ အစာမကြေ၊ အကျိတ်အဖု၊ ရောင်ရမ်းနာနှင့် အဆိပ်အတောက်ပြေစေသော အာနိသင်များနှင့် စပ်လျဉ်း၍ ရောဂါအလိုက်အသုံးဝင်ပုံများကို လက်တွေ့အချက်အလက်များ လေ့လာပြုစုတင်ပြထားပါသည်။ ဓနိပင်သည် ဆေးဖက်ဝင်အပင် ဖြစ်သော်လည်း မှတ်တမ်းမှတ်ရာ အထောက်အထား တိတိကျကျ မတွေ့ရှိရသေးပါ။ သို့ဖြစ်ပါ၍ ဓနိပင်၏ အဖူး၊ အပွင့်၊ အသီး၊ အကိုင်း၊ အရွက်များမှ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ဒေသဆိုင်ရာ ဆေးအသုံးပြုမှုများကို “ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း’’ ဟူသည့် အတိုင်း ပြန့်ကျဲနေမှုများကို စနစ်တကျ စုစည်းလေ့လာတင်ပြခြင်းဖြစ်ပါသည်။ အထူးသဖြင့် တိုင်းရင်းဆေးဖက်ဝင်အပင်အဖြစ် စာအုပ်- စာတမ်းများ ဆေးကျမ်းများ၌ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားဖူးခြင်းမရှိသေးသော လက်တွေ့တွေ့ရှိချက်များကို ရုက္ခဗေဒ ဆိုင်ရာ သုတေသနပြု မှတ်တမ်းတင်ထားပါသည်။